

မင်းဖြတ်သူရ
ဆားပုလင်းမင်းအောင်နှင့်
ပန်းကိုးပွင့်ဒေဝီ
(ဒုတိယအကြိမ်)

# နိဒါန်း

## ပန်းကိုးပွင့်မျက်လှည့်

ခရိုင်မြို့လေးတစ်မြို့သို့ ပန်းကိုးပွင့်မျက်လှည့်အဖွဲ့၏ ကြော်ငြာကားကြီး ဝင်ရောက်လာသဖြင့် မြို့သူမြို့သားများသည် စိတ်ဝင်တစား ထွက်၍ ကြည့်ရှုကြလေ၏ ။ ပန်းကိုးပွင့် မျက်လှည့်အဖွဲ့ သည် ထူးခြားချက်ရှိ၏ ။ ယင်းမှာ အခြားသော မျက်လှည့်အဖွဲ့များကဲ့သို့ ယောကျ်ားများက ပြသခြင်းမဟုတ်ဘဲ ချောမောလှပသော မိန်းမပျိုလေး 'ကိုး'ယောက်က ဦးဆောင်၍ ပြသခြင်းပင် ဖြစ်၏ ။

မျက်လှည့်အဖွဲ့ဝင်များသည် မြို့လယ်ခေါင်သို့ ရောက်သောအခါ လိုက်ပါလာသော မိန်းမပျိုလေးများက မြို့သူမြို့သားများကို လက်ကလေးများပြ၍ နှုတ်ဆက်ကြလေ၏ ။

မြို့သူမြို့သားများကလည်း ပြန်လည်၍ နှုတ်ဆက်ကြလေ၏ ။ ပန်းကိုးပွင့်အဖွဲ့၏ ကြော်ငြာကားကြီးပေါ်တွင် စိတ်ဝင်စားဖွယ် မျက်လှည့်ပြကွက်ဆန်းများကို ပန်းချီရေးဆွဲ၍ ချိတ်ဆွဲထားလေ၏ ။

မြို့သူမြို့သားများသည် ပန်းချီကားများကို ကြည့်ကာ အလွန်သဘောကျ၍ နေလေ၏ ။

ပန်းကိုးပွင့်အဖွဲ့ကြီးသည် ယနေ့ညမှစ၍ သုံးညတိုင်တိုင် မြို့လယ်ခေါင် ဘောလုံးကွင်းကြီးတွင် ပြသမည်ဖြစ်ကြောင်း ကြော်ငြာမောင်းခတ်သွားလေ၏ ။ မျက်လှည့်အဖွဲ့သည် မြို့လယ်ခေါင် ဘောလုံးကွင်းကြီးတွင် ရွက်ဖျင်တဲကြီးတစ်လုံးကို အလျင်အမြန် ဆောက်လုပ်လေ၏ ။ မြို့သူမြို့သားအချို့သည် သွားရောက်၍ ကူညီလုပ်ကိုင်ပေးလေ၏ ။ အချို့သော ကာလသားများသည် ကူညီလုပ်ကိုင်ပေးရင်း တစေ့တစောင်း အကဲခတ်လေ၏ ။

မျက်လှည့်အဖွဲ့တွင် တောက်တိုမယ်ရ ခိုင်းစေသော အဘွားကြီးကို

ကပ်၍ မိန်းမပျိုလေးများ၏ အတွင်းရေးကို မေးမြန်းကြလေ၏။ ပြီးနောက်တွင်မူ မြို့ကလေးတွင် လှည့်လည်၍ သတင်းဖြန့်ကြလေ၏။

မြို့ကလေး၏ လူစည်ကားသော လက်ဖက်ရည်ဆိုင်ကလေးတွင် မိန်းမပျိုကလေးများနှင့် ပတ်သက်၍ အမျိုးမျိုးပြောဆိုနေကြလေ၏။ ကာလသားတစ်ယောက်က

''ငါ့တစ်သက်မှာ မိန်းကလေးတွေ မျက်လှည့်ပြတာ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်ကွာ၊ ဒီတစ်ညတော့ ကြည့်ဖြစ်အောင်ကြည့်မယ်ကွာ''

ဟုပြောလိုက်လေရာ ကျန်ကာလသားတစ်ယောက်က

''မိန်းကလေးတွေက အပျိုစင်လေးတွေကွ၊ အဖိုဆိုလို့ ယင်ဖိုတောင် မသန်းဖူးသေးဘူး''

ဟု ဆိုလိုက်ပြန်ရာ ကျန်ကာလသားတစ်ယောက်က

''ဒါတော့ မင်းပိုပြီထင်တယ်၊ မိန်းကလေးတွေက အပျိုစင်တွေဆိုတာ မင်းက ဘယ်လိုလုပ်သိလဲ၊ မင်းကြီးတော်ကြီးပြောလို့လား''

ဟုဘုကျကျ ဝင်ရောက်ပြောဆိုလိုက်ပြန်ရာ ထိုကာလသားက

''မပိုဘူးကိုယ့်လူ . . . လိုတောင်လိုနေသေးတယ်၊ နေ့လယ်က မိန်းကလေးတွေ ချိုးဖို့ရေကို ငါကိုယ်တိုင်သွားခပ်ပေးတာ ကိုယ့်လူ၊ ရေခပ်ပေးရင်းနဲ့ ပန်းကိုးပွင့်အဖွဲ့မှာ တောက်တိုမယ်ရ ခိုင်းတဲ့ အဘွားကြီးကို ကပ်ပြီးမေးခဲ့တာကွ''

ဟု ခပ်ကြွားကြွားလေး ပြောလိုက်၏။ ထိုကာလသား၏ အမည်မှာ မောင်လှဖြစ်ပြီး ယောကျ်ားတန်မဲ့ လွန်စွာစပ်စုတတ်သူဖြစ်၏။ သူသည် အလုပ်အကိုင်ဟူ၍ မယ်မယ်ရရ မရှိဘဲ ဟိုနေရာစပ်စပ်၊ သည်နေရာစပ်စပ် ပါတတ်သူဖြစ်၏။ မောင်လှကပင် ဆက်လက်၍

''မိန်းကလေးတွေက ရည်းစားသနာတောင် မရှိဘူးတဲ့ဗျ၊

ဘယ်ယောက်ျားကိုမှ မစဉ်းစားဘူးတဲ့၊ သူတို့ကို ကြိုက်တဲ့ သူဌေးသား ပိုက်ဆံဝါလားတွေကတော့ တန်းစီနေတာပဲတဲ့''

ဟု လိုသည်ထက်ပို၍ ချဲ့ကားပြောဆိုလိုက်လေ၏။ ထိုစကားမှာ သူ၏ ထင်ကြေးနှင့် ရမ်းတုပ်လိုက်ခြင်းပင်ဖြစ်၏။ ကာလသားတစ်စုမှာမူ မောင်လှ၏ စကားကို လွန်စွာစိတ်ဝင်စားသွားလေ၏။

မောင်လှသည် သူ၏ စကားကို အများစိတ်ဝင်စားမှန်းသိ၍ အားတက်သွားပြီး . . .

''နေ့လယ်က ပူလွန်းအိုက်လွန်းလို့နဲ့ တူပါတယ်ကွာ ငါရေဖြည့်ပေးနေတုန်း လုံချည်လေးတွေ ရင်လျားပြီး ရေလာချိုးကြတာ ကိုယ့်လူ၊ နတ်သမီးလေးတွေလား အောက်မေ့ရတယ် ၊ ချောမှချောကွာ၊ ငါသေသေချာချာ မြင်ခဲ့ရတယ်ကွ''

ဟု မစားရဝခမန်း ပြောလိုက်ပြန်ရာ ခေါင်းဖြူနေသော ဆံပင်ညှပ်ဆရာအဘိုးကြီးက ရှေ့တိုး၍ . . . ''ဆက်ပြောပါဦး မောင်လှရယ် . . . ဒါမျိုးဆိုရင်တော့ ဝါသနာပါတယ်ကွ'' ဟု ပြောလိုက်လေ၏။

မောင်လှက . . .''ဒါမျိုးတော့ ဘယ်ရမလဲဗျာ၊ ကျုပ်သောက်တဲ့ လက်ဖက်ရည်နဲ့ ပိုလိုဖိုး ရှင်းရမယ်ဗျ၊ ကျုပ်က မုန့်လည်းစားဦးမှာ'' ဟုခပ်တည်တည် ပြောလိုက်လေရာ လူကြီးသော်လည်း အချိန်မစီးသော အဘိုးကြီးက

''ရှင်းပါမယ်ဗျာ . . . ရှင်းပါမယ်'' ဟု အားတက်သရော ပြောလိုက်လေ၏ ။

ညသို့ရောက်သောအခါတွင် မြို့သူမြို့သားများသည် ပန်းကိုးပွင့် မျက်လှည့်အဖွဲ့ကို ရုံပြည့်ရုံလျှံမျှ အားပေးကြလေ၏။ ပန်းကိုးပွင့်အဖွဲ့၏ ပြကွက်များကို မြို့သူမြို့သားများသည် လွန်စွာ နှစ်သက်ကြ၏။

မိန်းမပျိုလေးများ၏ ချောမောလှပပုံ၊ပြကွက်များ၏ ဆန်းကြယ်ပုံတို့ကြောင့် ဒုတိယညတွင်လည်း ရုံပြည့်ရုံလျှံမျှ အားပေးကြပြန်၏ ။

ဤနေရာတွင် ပန်းကိုးပွင့် မျက်လှည့်အဖွဲ့၏ ပြကွက်အချို့ကို တင်ပြပေးလိုက်ပါသည်။

ပန်းကိုးပွင့်အဖွဲ့ဝင် မိန်းမချောလေးတစ်ယောက်ကို အရှင်လတ်လတ်ခေါင်းဖြတ်၍ ခေါင်းတခြား ကိုယ်တခြား ပြုလုပ်ပြပုံ၊ မိန်းမချောလေးများကို ဗိုက်ခွဲ၍ အူများအားထုတ်ပြပုံ၊ ပရိတ်သတ်အတွင်းမှ လက်စွပ်တစ်ကွင်းကို တောင်းယူ၍ ငရုတ်ဆုံထဲသို့ထည့်ကာ ထောင်းပြပြီး နှင်းဆီပန်း၏ ပွင့်ချပ်များအတွင်းမှ လက်စွပ်ကို အကောင်းပကတိအတိုင်း ထုတ်ပြပုံ၊ ပရိတ်သတ်အတွင်းမှ လူများ၏ အမည်များကို မေးမြန်းပြီး စက္ကူကတ်ပြားပေါ်တွင် ရေးသားပြ၍ စာရွက်လိပ်တစ်လိပ်ကို ဖြန့်လေရာ စာရွက်ထဲတွင် ထိုအမည်များကိုပင် ပြန်တွေ့ရပုံ စသည့် ပြကွက်များကို ပြသလေ၏ ။

ပရိသတ်များ အနှစ်သက်ဆုံး ပြကွက်တစ်ကွက်မှာ ပန်းကိုးပွင့်အဖွဲ့ဝင် မိန်းမပျိုလေးများ၏ ကိုယ်ခွဲပြကွက်ပင်ဖြစ်၏ ။ ထိုပြကွက်မှာ မိန်းမပျိုနှစ်ဦး ကနေရာမှ ရုတ်တရက် လေးဦးဖြစ်သွားပုံ၊ လေးဦးကနေရာမှ ရှစ်ဦးဖြစ်သွားပုံ စသည့် ပြကွက်များပင် ဖြစ်လေသည်။

နောက်ဆုံးညသို့ ရောက်သောအခါ မြို့ကလေးတွင် နေထိုင်သော အင်္ဂလိပ်အရေးပိုင် ''မစ္စတာ ဖော်စတာ'' ကို ပန်းကိုးပွင့်အဖွဲ့၏ ခေါင်းဆောင် မိန်းမပျိုလေးကိုယ်တိုင် ဖိတ်စာတစ်စောင် ရေးသား၍ ဖိတ်ကြားလိုက်လေ၏ ။ အင်္ဂလိပ်အရေးပိုင် ''မစ္စတာ ဖော်စတာ''သည် မျက်လှည့်ကြည့်ရှုရန် လွန်စွာ ဝါသနာထုံသူဖြစ်ရာ ဝမ်းသာအားရပင် လာရောက်ကြည့်ရှုလေ၏ ။

ပန်းကိုးပွင့်အဖွဲ့သည် ''မစ္စတာ ဖော်စတာ'' မျက်လှည့်ကြည့်ရှုရန်အတွက် ရှေ့ဆုံးအတန်းတွင် သီးသန့်ခြံကာ၍

ကော်ဇောများခင်းကာ ဆိုဖာကုလားထိုင်ကြီး တစ်လုံးကို စီမံပေးလေ၏။ မျက်လှည့်မပြမီ ပန်းကိုးပွင့်အဖွဲ့၏ ခေါင်းဆောင်ကိုယ်တိုင် ဇာတ်စင်ရှေ့သို့ ထွက်ကာ ကျေးဇူးတင်စကားပြောလေ၏။

''ကျွန်မတို့ ပန်းကိုးပွင့်မျက်လှည့်အဖွဲ့ကြီးကို အင်္ဂလိပ်အရေးပိုင်မစ္စတာဖော်စတာ ကိုယ်တိုင်ကြွရောက် ချီးမြှင့်တဲ့အတွက် ကျွန်မတို့ အဖွဲ့ကြီးကလွန်စွာမှ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒါကြောင့် မစ္စတာဖော်စတာကို ကျွန်မကိုယ်တိုင် ဂုဏ်ပြုပန်းစည်း ဆက်သပါမယ်''

ဟု ဆိုလိုက်ရာ ပွဲကြည့်ပရိတ်သတ်ကြီးသည် လက်ခုပ်လက်ဝါးတီး၍ ဆူညံစွာအားပေးကြလေ၏။

ပန်းကိုးပွင့်အဖွဲ့ခေါင်းဆောင် မိန်းမချောလေးသည် လွန်စွာလှပသော နှင်းဆီပန်းစီးကြီးကို ယူဆောင်၍ ဇာတ်စင်ပေါ်မှဆင်းကာ ''မစ္စတာ ဖော်စတာ'' အနီးသို့ လျှောက်သွားလေ၏။

''မစ္စတာဖော်စတာ'' သည် မိန်းကလေးကမ်းပေးလိုက်သော နှင်းဆီပန်းစည်းကြီးကို လက်ခံ ယူလိုက်လေ၏။ မိန်းကလေးက ''မစ္စတာဖော်စတာ'' ကို နှစ်လိုစွာ ပြုံးပြလိုက်လေ၏။

သို့သော် ''မစ္စတာ ဖော်စတာ''မှာ ပြန်၍ မပြုံးပြနိုင်ဘဲ မျက်နှာကွက်ကနဲ ပျက်သွားလေ၏။

ထိုညက ''မစ္စတာ ဖော်စတာ''သည် ပန်းကိုးပွင့်မျက်လှည့်အဖွဲ့ကို ပြီးဆုံးသည်အထိ သဘောကျစွာ အားပေးကြည့်ရှုသွားလေ၏။ ဆုတော်ငွေများကိုလည်း မကြာခဏထ၍ ချီးမြှင့်သွားလေ၏။ ပန်းကိုးပွင့် မျက်လှည့်အဖွဲ့သည် သုံးရက်သုံးညတိုင်တိုင် အောင်မြင်စွာ ပြသနိုင်ခဲ့လေ၏။

နောက်တစ်နေ့နံနက်တွင် ပန်းကိုးပွင့်မျက်လှည့်အဖွဲ့သည် အခြားသောမြို့တစ်မြို့သို့ ထွက်ခွာ သွားလေတော့၏။

ထိုအချိန်တွင် အင်္ဂလိပ်အရေးပိုင် ''မစ္စတာဖော်စတာ''မှာမူ အိပ်ရာမှ နိုး၍ မရတော့ပေ။ သူသည် အိပ်ရာထဲတွင် ရုတ်တရက် ထူးဆန်းစွာ သေဆုံးသွားသဖြင့် မြို့သူမြို့သားများ အံ့သြကြလေ၏ ။

မကြာမီ ကုလားဆရာဝန်ကြီး ရောက်ရှိလာပြီး စစ်ဆေးကြည့်ရှုကာ ရုတ်တရက် နှလုံးခုန်ရပ်၍ သေဆုံးရသည်ဟု ဆေးမှတ်ချက် ရေးလိုက်လေတော့သတည်း။

x x x

# ပထမပိုင်း
## ဘုရင်ခံကတော်၏ စိန်ဘယက်

တစ်နေ့သ၌ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် အင်းစိန် စီအိုင်ဒီ ရုံးခန်းအတွင်း ရောက်တတ်ရာရာ စကားများကို ပြောဆိုနေကြစဉ်တွင် ကျွန်ုပ်တို့၏ စကားလမ်းကြောင်းသည် မိန်းမများ၏ မကောင်းကြောင်းကို ဦးတည်သွားလေ၏။

ဦးပေါ်ဦးက . . .''မိန်းမဆိုတာ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်ဗျ၊ 'မာဃဒေဝ' မှာဆိုထားတာ ကြည့်ပါလားဗျ၊ 'မယားဟူဘိ၊ ထိုက္ကတ္တိနှင့်၊ မရှိမကောင်း၊ ရှိမကောင်းဘဲ၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၏ ' တဲ့ဗျ၊ ရှိရင်လည်း မကောင်းဘူး၊ မရှိရင်လည်း မကောင်းဘူး''

ဟု ဆိုလိုက်လေရာ စုံထောက်ကိုတင်လှ ဆိုသူကလည်း . . .

''မရှိတာတွေ ရှိတာတွေ ထားလိုက်ပါတော့ဗျာ၊ မိန်းမတွေဟာ အလိုရမ္မက်ကြီးတဲ့ နေရာမှာတော့ ကျုပ်တို့ယောကျ်ားတွေ လိုက်မမီဘူးဗျ၊ ဘာတဲ့ 'အကြင်မိန်းမ က္ကတ္တိယတို့၊ ဤ၌ပတိ၊ ရှစ်လင်ရှိလည်း၊ လွန်၏ မိုမို၊ ကိုးယောက်ဆိုလျှင်၊ အလိုရှိမြဲ၊ လိုပြည့်ခဲ၏ ' တဲ့ဗျ၊ လင်ကိုးယောက် လိုချင်မြဲဘဲတဲ့၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ''

ဟုဆိုလိုက်ပြန်ရာ စုံထောက် ကိုစိန်မြင့်ကလည်း အားကျမခံ ဝင်ရောက်၍ ပြောဆိုပြန်၏။

''ခင်ဗျားတို့က မန်လည်ဆရာတော်ရဲ့ 'မာဃဒေဝ' ကို ကိုးကားပြတော့ ကျုပ်ကလည်း 'မာဃဒေဝ' ထဲကစာကိုပဲ ရွတ်ပြရတာ ပေါ့ . . . 'မိန်းမဟူငြား၊ သဘောအားဖြင့်၊ ယောကျ်ားတကာ၊ ဆက်ဆံရာကြောင့်၊ ပမာမယွင်း၊ လှေနှင့်မြင်းသို့၊ စီးနင်းသူနောက်၊ ကောက်ကောက်ချဉ်းသာ ဆောင်ရာပါရှင်' တဲ့ . . . မိန်းမတွေ မျက်နှာများတာကို ဆိုလိုတာဗျ၊ မိန်းမတွေဟာ လှေနဲ့မြင်းလိုပဲ၊ စီးနင်းတဲ့သူနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတတ်တယ်ဆိုပဲဗျ၊

ဒါကြောင့် ကောင်းကောင်း နှိပ်ကွပ်ထားရမယ်ဗျ'' ဟု မညွာမတာ ပြောဆိုလေ၏ ။

စုံထောက်ကိုတင်လှကလည်း . . .'' မိန်းမကို နှိပ်ကွပ်တဲ့နေရာမှာတော့ ကျုပ်ကို ခင်ဗျားတို့မီမယ် မထင်ဘူးဗျ၊ စိန်ဗေဒါရဲ့လက်သံတောင် ကျုပ်ကို အရှုံးပေးရလောက်ပါတယ်ဗျာ''

ဟု အာဘောင်အာရင်းသန်သန်ဖြင့် ဝင်ရောက်ပြောဆိုလေသည်။ ကျွန်ုပ်ကမူ ၎င်းတို့၏ စကားကို ဝင်ရောက်၍ မပြောဆိုဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ မိခင်ကြီးနှင့် နှမများ၏ မျက်နှာကို မြင်မိလိုက်၍ ဖြစ်၏ ။ ကိုစိန်မြင့်မှာမူ ဇင်းတို့၏ အမိနှင့် နှမများကို မေ့လျော့နေသည်လားမသိ။ အားတက်သရော ပြောဆိုနေလေ၏ ။

စုံထောက် ဦးပေါ်ဦးက . . .'' 'မယားနဲ့နွား မသနားနဲ့' ဆိုတဲ့စကားလည်း ရှိတယ် မဟုတ်လား၊ ကျုပ်တော့ ဒီနေ့မနက်တောင် ကပ်တီးကပ်ဖဲ့ပြောလို့ အိမ်ကဟာမကြီးကို နားရင်းနှစ်ချက်လောက် တီးခဲ့သေးတယ်ဗျ'' ဟု အားကျမခံ ပြန်လည်ပြောဆိုလေ၏ ။

အမှန်စင်စစ် ဦးပေါ်ဦးနှင့် ကိုတင်လှသည် မိန်းမကြောက်ရှို့ရသူများ စာရင်းတွင် ထိပ်ဆုံးက ပါဝင်သူများဖြစ်ကြ၏ ။ ကိုတင်လှသည် မိန်းမက 'ငါးပိ' ဆိုလျှင် 'ဖုတ်ပြီးအသင့်ပါ' ဆိုသောလူစားမျိုးဖြစ်၏ ။

ဦးပေါ်ဦးမှာလည်း မိန်းမက 'ကိုကိုရေ' ဟုဆိုလိုက်လျှင် 'ရေ'ကိုပါ အသင့် ယူလာပေးသော လူစားမျိုးဖြစ်၏ ။

စုံထောက် ကိုတင်လှက ဆက်၍ . . .

''မယားနေစ ကြောင်သေမှတဲ့ဗျ၊ ကျုပ်တော့ မင်္ဂလာဦးညမှာ မိန်းမရှေ့တင် ကြောင်တစ်ကောင်ကို ရိုက်သတ်ပြလိုက်တယ်ဗျ၊ အဲဒီ ကစပြီး ကျုပ်မိန်းမကျုပ်ကို မလှန်ဝံ့တာ ဒီနေ့အထိပါပဲဗျာ'' ဟုဆိုလိုက်ပြန်ရာ အနားသို့ ရောက်လာပြီး နားစွန်နားဖျား ကြားလိုက်ဟန်ရှိသော ပျာတာ မောင်ရွှေက . . .

''ဆရာ့မိန်းမတောင် ဆရာ့ကို မလှန်ဝံ့ဘူးဆိုရင် ရောဂါအခြေအနေ အတော်ဆိုးပြီနဲ့တူတယ်၊ ဒီလို ရောဂါမျိုးနဲ့ ပတ်သက်လာရင် ရွာက ကျုပ်ရဲ့ဘကြီးဘုန်းကြီးက အလွန်စွမ်းတာဗျ၊ တစ်ခါလောက် လိုက်ပြကြည့်ပါလား''

ဟု ဘုမသိဘမသိ ဝင်ရောက်ပြောဆိုလိုက်လေရာ ကျွန်ုပ်တို့ စုံထောက်များအားလုံး ဝါးကနဲ ရယ်မောလိုက်လေ၏။ ကိုတင်လှမှာမူ မျက်နှာကြီး မည်းခနဲ ဖြစ်သွားပြီး . . .

''ဖွတ်ကြောပြာစု၊ ပျာတာစုတ်၊ ပါးစပ်ပိတ်ထားစမ်း၊ ဘာတွေလာပြောနေတာလဲ''

ဟု ကြိမ်းမောင်းလိုက်လေ၏။ ပျာတာမောင်ရွှေမှာ ဇက်ပုသွားလေ၏။ စုံထောက် ကိုစိန်မြင့်ကလည်း အားကျမခံ . . .

''ခင်ဗျားတို့တင်ပဲလားဗျာ . . . ကျုပ်လည်း ဒီလိုပါပဲ၊ ကျုပ်အိမ်က ကောင်မကြီးက 'မေတ္တာနဲ့ အသူရာ' ဇာတ်ကားမကြည့်ရလို့ ဂျီကျနေတာ အမြင်ကပ်ကပ်နဲ့ ဖင်ကို ဆောင့်ကန်လိုက်တာ အိမ်ပေါ်က လေးဘက်ထောက်ကျသွားတယ်ဗျ''

ဟု ဆိုလိုက်ပြန်ရာ သူ၏ စကားအဆုံးတွင် ကျွန်ုပ်တို့ စုံထောက်များအားလုံး ဝါးခနဲ ရယ်မော လိုက်ကြပြန်၏။ အဘယ်ကြောင့်ဆိုသော် ကိုစိန်မြင့်မှာ လူ့ဗလံကလေးမျှသာဖြစ်ပြီး သူ၏ မိန်းမကြီးမှာ ပေါင်နှစ်ရာကျော် ဝဖြိုးသူဖြစ်၏။ ဦးပေါ်ဦးက တဟားဟားရယ်၍

''ကြည့်လည်း ဖြီးစမ်းပါ ကိုစိန်မြင့်ရယ် . . . ခင်ဗျားစကားကြီးက ယုတ္တိမတန်လိုက်တာ၊ ခင်ဗျားနဲ့ ခင်ဗျားမိန်းမကြီး ရန်ဖြစ်လို့ကတော့ အိမ်ပေါ်က လေးဖက်ထောက်ကျမဲ့ကျရင် ခင်ဗျားပဲကျဖို့ရှိတယ်''

ဟုပြောဆိုလိုက်ရာ ကိုစိန်မြင့်သည် ရှူးရှူးရှားရှား ဖြစ်သွားပြီးလျှင်

''အောင်မာ . . . ခင်ဗျားကကျုပ်ကိုတော့ ယုတ္တိမတန်ဘူးလေး ဘာလေးနဲ့၊ ခင်ဗျားကရော ဘာထူးသေးလို့လဲ . . . မိန်းမကိုနားရင်းနှစ်ချက် တီးလာတယ်လည်းဆိုသေး၊ ခင်ဗျား နဖူးမှာ ကြည့်လိုက်တော့ အာလူးသီးကြီးပါလား''

ဟု ပြန်လည်ချေပလိုက်ရာ ဦးပေါ်ဦးသည် သူ၏ နဖူးကြီးကို ယောင်ယမ်း၍ လက်ဖြင့် စမ်းလိုက်လေ၏။ ပြီးမှတဟဲဟဲ ရယ်ကာ . . .

''အလကားနောက်တာပါဗျာ . . . ကျုပ်တို့အားလုံးဟာ မိန်းမကြောက်ရတဲ့ သူတွေချည့်ပါပဲ''

ဟု မရှက်မကြောက် ဝန်ခံလိုက်လေ၏။ ထိုအခါ ပျာတာမောင်ရွှေက

''မိန်းမကြောက်တယ် မပြောစမ်းပါနဲ့ဗျာ . . . မိန်းမချစ်တယ် ပြောစမ်းပါ၊ အားနွဲ့တဲ့ မိန်းမသားကို ကျုပ်တို့ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားကြီးတွေက ကြောက်ရမှာလားဗျ၊ ဆရာကိုစိန်မြင့်က လွဲရင်ပေါ့ဗျာ''

ဤသို့ဖြင့် ကျွန်ုပ်တို့ စုံထောက်များမှာ စီအိုင်ဒီရုံးခန်းအတွင်းတွင် ဟာဒယရွှင်ဆေး တိုက်ကျွေးနေသကဲ့သို့ တဝါးဝါး တဟားဟား ရှိနေစဉ်တွင် ကျွန်ုပ်တို့၏ နောက်နားမှ လွန်စွာဟိန်းသော အသံကြီးကို ကြားလိုက်ရလေ၏။

''လူကလေးတို့အားလုံး ကျွန်ုပ်ခေါ်ခိုင်းတာ မလာဘဲနဲ့ ဘာဖြစ်လို့ ဒီလောက်ရယ်မောနေတာလဲ . . . စီအိုင်ဒီမှာ ပါတီဖြစ်နေပြီလား''

ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ထိုအသံကြီးကြောင့် မီးကို ရေနှင့်ငြိမ်းလိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ အသံရှင်မှာ ကျွန်ုပ်တို့၏ စုံထောက်မင်းကြီးပင် ဖြစ်၏။

စုံထောက်မင်းကြီးက ခေါ်ခိုင်းလိုက်သည် ဆိုသည့်အတွက်လည်း နားမလည်နိုင်အောင် ဖြစ်နေမိ၏။

ကျွန်ုပ်တို့ကို မည်သူကမျှ လာမခေါ်ကြပေ။ အမှန်မှာ ကျွန်ုပ်တို့ စုံထောက်များကို ပုလိပ်မင်းကြီးက ပျာတာမောင်ရွှေမှ တဆင့် အခေါ်လွှတ်ခြင်းပင်ဖြစ်၏ ။ ပျာတာမောင်ရွှေမှာလည်း ကျွန်ုပ်တို့စကားဝိုင်းအတွင်း ဝင်ရောက်ပြောဆိုပြီး စုံထောက်မင်းကြီး၏ အမှာစကားကို မေ့လျော့နေခြင်းပင်ဖြစ်၏ ။

စုံထောက်မင်းကြီးက ဆက်၍ ''လူကလေးတို့ ဘာတွေဆွေးနွေးနေကြတာလဲ . . . ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်မဲ့အကြောင်းလား''ဟုမေးမြန်းလိုက်ပြန်၏ ။

ကျွန်ုပ်တို့မှာ ကြောက်ဒူးတဆတ်ဆတ်တုန်နေပြီး ဘာဖြေရမှန်းမသိ၍ အခက်တွေ့နေလေ၏ ။

ဦးပေါ်ဦးမှာ ခေါင်းကိုကုတ်၍ ဝဏ်နီဝဏ်နက်များကို အလျင်အမြန် စဉ်းစားလိုက်ပြီး . . .

''ဒီ . . .ဒီလိုပါ သခင် . . .ကျွန်တော်မျိုးတို့ မြန်မာစုံထောက်တွေအားလုံး အိမ်ကမိန်းမတွေကို ကြောက်ရတဲ့သူတွေပါ၊ ဒါကြောင့် အင်းစိန်စီအိုင်ဒီမှာ မိန်းမမကြောက်တဲ့သူဆိုလို့ သခင်တစ်ယောက်ပဲရှိတယ်လို့ ချီးမွမ်းနေတာပါ'' ဟု ဖြေမိဖြေရာ ဖြေလိုက်လေ၏ ။

ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ဦးပေါ်ဦးစကားကြောင့် လွန်စွာ ထိပ်လန့်သွားကြလေ၏ ။

ဦးပေါ်ဦးသည် အန္တရာယ်ကို မစဉ်းစားမဆင်ခြင်ဘဲ စွတ်ပြောတတ်သော အကျင့်ရှိလေ၏ ။ သို့သော်မင်းကြီးမှာ ဦးပေါ်ဦး၏ အဖြေကို လွန်စွာသဘောကျသွားဟန်ရှိပြီး . . .

''အို . . . ဟိုး . . . မိန်းမကြောက်ရတဲ့အကြောင်း ဆွေးနွေးနေတာကိုး ၊ ဒီလိုဆိုရင်တော့ လူကလေးတို့ အထင်မှားသွားပြီ၊ ကျွန်ုပ်လည်း အိမ်ကမိန်းမကို

ကြောက်ရပါတယ်။ '' woman's love is a devil´s net'' တဲ့၊ မိန်းမရဲ့ချစ်ခြင်းဟာ မကောင်းဆိုးဝါးရဲ့ ပိုက်ကွန်တွေပဲ။ အဲဒီ ပိုက်ကွန်တွေနဲ့ ကျွန်ုပ်တို့ကို ဖမ်းဆီးထားတယ်။ ကျွန်ုပ်တို့ရုန်းထွက်လို့ မရတော့ဘူး။ ''women are the whips of setan'' မိန်းမတွေဟာ မာရ်နတ်မင်းရဲ့ ကျာပွတ်တွေဖြစ်တယ်။ ကျွန်ုပ်တို့ကို နာနာရိုက်လိမ့်မယ်၊ ဒါကြောင့် ကျွန်ုပ်လည်း မိန်းမကြောက်ရပါတယ်''

ဟုဆိုလိုက်လေရာ ကျွန်ုပ်တို့ စုံထောက်ကျော်များအားလုံး ပြုံးစိစိဖြစ်သွားကြလေ၏ ။ မင်းကြီးက ကျွန်ုပ်တို့၏ အမူအရာကိုကြည့်၍ . . .

''လူကလေးတို့ ကျွန်ုပ်စကားကို မယုံဘူးလား၊ကျုပ် ရယ်စရာပြောနေတာ မဟုတ်ဘူး။ ''A woman´s weapons are her tears''

မိန်းမတို့ရဲ့ လက်နက်ဟာ သူမရဲ့မျက်ရည်ပဲ၊ ကျွန်ုပ်မိန်းမ မျက်ရည်ကျမှာ ကျွန်ုပ်သိပ်ကြောက်တယ်၊ ဒါကြောင့် အင်းစိန်စီအိုင်ဒီက လူတွေအားလုံး မိန်းမကြောက်ရပါတယ်၊ စီအိုင်ဒီတင်မကပါဘူး၊ ဘုရင်ခံ ကိုယ်တိုင်တောင် မိန်းမကြောက်ရပါတယ်၊ လူကလေးတို့ ကျွန်ုပ်စကားကို မယုံဘူးလား၊ကျွန်ုပ် ကောင်းကောင်း သက်သေပြပါ့မယ်၊ ဘာကြောင့်လဲဆိုတော့ ဘုရင်ခံကတော်ရဲ့ စိန်ဘယက်ကြီးဟာ ''ဒါဘာ'' ပွဲအပြီးမှာ ပျောက်ဆုံးသွားတယ်၊ ဒါကြောင့် ဘုရင်ခံကတော်ကြီး မျက်ရည်ကျနေရပြီ။ ဘုရင်ခံကြီးဟာ သူ့မိန်းမ မျက်ရည်ကျမှာသိပ်ကြောက်တယ်၊ ဒါကြောင့် မိန်းမကြောက်ရတဲ့ဘုရင်ခံကြီးဟာ ကျွန်ုပ်တို့စီအိုင်ဒီကို အကူအညီတောင်းနေပြီ၊ လူလေးတို့အားလုံး ဘုရင်ခံရဲ့အိမ်တော်ကို သွားကြပါ။ စိန်ဘယက်ကြီးကို အမြန်ဆုံးပြန်ရအောင် ဆောင်ရွက်ပေးကြပါ။ စီအိုင်ဒီကို သိက္ခာကျအောင် မလုပ်ကြပါနဲ့၊ စီအိုင်ဒီရဲ့ ဟီးရိုးဖြစ်တဲ့ ဆားပုလင်းမင်းအောင်ကိုလည်း သွားခေါ်ပြီး ဘုရင်ခံရဲ့ အိမ်တော်ကိုလိုက်ခဲ့ကြပါ၊ ကျွန်ုပ်လည်း အိမ်တော်မှာ ရှိနေမယ်''

ဟုဆိုလိုက်လေ၏ ။ ထိုအခါ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ဇောင်းမှလွှတ်လိုက်သော မြင်းများကဲ့သို့ မင်းကြီး၏ အနီးမှ ပြေးထွက်ခဲ့လေ၏ ။

ကျွန်ုပ်က . . . ''ဦးပေါ်ဦးရေ . . . ဒီတစ်ကြိမ်လည်း ခင်ဗျားတော့ လူမိုက်ကံကောင်းဖြစ်သွားပြန်ပြီ၊ မင်းကြီးအမေးကို ခင်ဗျားဖြေလိုက်ပုံက အလုပ်ပြုတ်မဲ့အပေါက်ဗျ''

ဟုဆိုလိုက်လေရာ ဦးပေါ်ဦးက . . .

''မတတ်နိုင်ဘူးဗျာ . . . ကျုပ်လည်း ပါးစပ်ထဲရှိရာ ပြောလိုက်တာပဲ၊ မင်းကြီးကလည်း မေးနေတာကိုးဗျ၊ စီအိုင်ဒီမှာ အမှုတွေနဲ့ လုံးချာလည်လိုက်နေရတဲ့အထဲ ဘုရင်ခံကတော်က စိန်ဘယက် ပျောက်ပြန်ပြီဗျာ၊ ကျုပ်တို့တော့ အလုပ်ရှုပ်ဦးမယ်''

ဟု ညည်းညူလိုက်လေရာ ကျွန်ုပ်က . . .

''အလုပ်ရှုပ်တာတော့ မပြောနဲ့လေဗျာ၊ ''A Woman’s weapons are her tears'' တဲ့၊ မင်းကြီးပြောတာမကြားဘူးလား၊ မိန်းမရဲ့လက်နက်ဟာ သူမရဲ့မျက်ရည်တဲ့ဗျ၊ ဘုရင်ခံကတော်ကြီးတော့ မျက်ရည်ကျနေရပြီ ထင်တယ်''

ဟု ဆိုလိုက်လေရာ ဦးပေါ်ဦးက တဟားဟား ရယ်မော၍

''ဒါကြောင့် ကျုပ်ပြောတာပေ့ါဗျာ၊ ကမ္ဘာကြီးဟာ မိန်းမကြောက်သူတွေရဲ့ ကမ္ဘာပါလို့၊ ကဲ ကျုပ်တို့ ကိုမင်းအောင်ကို သွားခေါ်ကြစို့၊ စီအိုင်ဒီမှာ မိန်းမမကြောက်ရတဲ့သူဆိုလို့ ကျုပ်တို့မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ပဲ ရှိတော့တယ်ဗျို့၊ ကိုမင်းအောင်က မိန်းမမရှိတော့ ကြောက်စရာမလိုတော့ဘူးပေ့ါဗျာ'' ဟု ပြောလိုက်လေ၏။

ထိုအချိန်တွင် စုံထောက်ကိုစိန်မြင့်တို့ လူစုသည် စီအိုင်ဒီမှ ကားများကိုစက်နှိုး၍ ဘုရင်ခံ၏ အိမ်တော်သို့ သွားရောက်ရန် အလုအယက် ပြင်ဆင်နေလေ၏။ ကျွန်ုပ်နှင့် ဦးပေါ်ဦးလည်း ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ်(၇)၊ အာသောကလမ်း၊ ကျောက်မြောင်းနေအိမ်သို့ ထွက်ခဲ့လေ၏။

ကိုမင်းအောင်သည် ကျွန်ုပ်တို့ကို သူ၏ အိမ်ရှေ့၌ အသင့်စောင့်ကြိုနေလေ၏။ သူသည် ကား၏ နောက်ခန်းတွင် ဝင်ထိုင်လိုက်ပြီး အလုံလမ်း ဘုရင်ခံအိမ်တော်သို့ မောင်းဗျို့ဟု ပြောလိုက်လေ၏။

လမ်းတွင် ဦးပေါ်ဦးက . . . ''ဒီမှာ ကိုမင်းအောင် ''A Woman’s weapons are her tears'' ဆိုတဲ့ စကားကို လက်ခံနိုင်ရဲ့လားဗျ'' ဟုဆိုလိုက်လေရာ ကိုမင်းအောင်က

''လက်ခံနိုင်ပါတယ်ဗျာ၊ လက်ခံနိုင်ပါတယ်၊ တကယ်တော့ မိန်းမဆိုတာ အားနွဲ့သူဖြစ်ပေမဲ့ ကမ္ဘာပေါ်မှာ အင်အားအကြီးမားဆုံး စွမ်းအင်တစ်ခုပါပဲ၊ ကမ္ဘာပေါ်မှာရှိတဲ့ ယောကျ်ားတွေဟာ မိန်းမတွေအတွက် အားအင်ကုန်ခမ်းသည်အထိ ပစ္စည်းဥစ္စာတွေ ရှာဖွေပေးခဲ့ကြတယ်၊ ကမ္ဘာကြီးဟာ မိန်းမတွေရဲ့ ကမ္ဘာကြီးလို့တောင် တင်စားပြောဆိုနိုင်ပါတယ်ဗျာ၊ မိန်းမတွေအတွက် စစ်ပွဲကြီးတွေ ခင်းကျင်းတိုက်ခိုက်ခဲ့ကြတယ်၊ လူ့စည်းစိမ် လောကစည်းစိမ် မှန်သမျှကို မိန်းမတွေကသာ ရယူကြတာများတယ်ဗျ၊ မြို့ကြီးပြကြီးတွေက ဈေးဆိုင်တွေကိုသာ ကြည့်ပါလား၊ အဲဒီ မှာ ခင်းကျင်းထားတဲ့ ပစ္စည်းတွေထဲမှာ ယောကျ်ားအသုံးအဆောင်ဆိုလို့ ဆယ်ပုံတစ်ပုံပါရဲ့လား၊ အဝတ်အထည်တွေ၊ လက်ဝတ်လက်စားတွေ၊ အမွှေးနံ့သာတွေ၊ အိမ်ထောင်ပရိဘောဂတွေ၊ ယာဉ်ရထားတွေအားလုံးဟာ မိန်းမတွေအကြိုက် စီမံထုတ်လုပ်ထားတာပဲဗျ၊ စက်ရုံ၊ အလုပ်ရုံကြီးတွေမှာ လူပေါင်းများစွာ ချွေးနဲ့သွေးနဲ့ရင်းပြီး မိန်းမတွေသဘောတော်ကျအောင် အသုံးအဆောင်ပစ္စည်းတွေကို ကြိုးစား ထုတ်လုပ်ပေးခဲ့တယ်ဗျ၊ ယောကျ်ားတွေဟာ မိန်းမတွေအတွက်ပဲ အသက်ရှင်ရပ်တည်ပြီး ကြိုးစားရုန်းကန်ကြတယ်လို့ စိတ်ပညာရှင်တွေက ဆိုတယ်ဗျ၊ ကမ္ဘာပေါ်မှာ မိန်းမဆိုတဲ့သတ္တဝါမရှိရင် ကမ္ဘာကြီး ရပ်ဆိုင်းသွားနိုင်တယ်လို့တောင် ဆိုတယ်ဗျ၊ ဒါကြောင့် ကျုပ်တို့ဗုဒ္ဓမြတ်စွာဘုရားက ''မိန်းမတို့၏ အဆင်းသဏ္ဌာန်ကဲ့သို့ ယောကျ်ားတို့၏ စိတ်နှလုံးကို

သိမ်းကျုံးယူငင်နိုင်သော အဆင်းသဏ္ဍာန်မျိုး ဤလောကတွင် ငါဘုရားမြင်တော်မမူ'' လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောကြားခဲ့တာပဲ''

ဟုဆိုလိုက်လေရာ ဦးပေါ်ဦးက တဟားဟားရယ်မော၍ . . .

''တော်ပါပေတယ် ကိုမင်းအောင်ရယ်၊ ခင်ဗျားကတော့ ဘာမဆိုသိနေ တတ်နေတာပဲ''ဟု ချီးကျူးလိုက်လေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့သည် လမ်းတလျှောက်လုံး ရောက်တတ်ရာရာ စကားများကိုပြောဆို၍ နေသော်လည်း ဆားပုလင်းမင်းအောင်မှာမူ လွန်စွာထူထဲသောစာအုပ်ကြီးကို စိတ်ဝင်တစား ဖတ်ရှု၍ လိုက်ပါလာလေ၏။

အိမ်တော်အဝင်ဝတွင် အစစ်ဆေးခံပြီးနောက် ဘုရင်ခံ၏ အိမ်တော်ဝင်းကြီးထဲသို့ ကားမောင်း ဝင်ခဲ့လေ၏။ ကျွန်ုပ်တို့စုံထောက်များကို မြန်မာအရာရှိ ဦးဘရင်ဆိုသူက ဘုရင်ခံ၏ အိမ်တော်အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ၏။ ဘုရင်ခံ၏ အိမ်တော်ကြီးမှာ လွန်စွာ ခမ်းနားထည်ဝါလှ၏။ လှပသော တရုတ်ပန်းအိုးများ၊မီးဆိုင်းကြီးများ၊ ပန်းပုလက်ရာများ၊ ဂန္ဓဝင်ပန်းချီကားများကို တွေ့ရ၏။

အပေါ်ထပ် ဧည့်ခန်းဆောင်ကြီးတွင် လူစုံတက်စုံ တွေ့ရလေ၏။ ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီး အပါအဝင် ကျွန်ုပ်တို့စီအိုင်ဒီမှ စုံထောက်များ၊ ဘုရင်ခံ၊ ဘုရင်ခံကတော်နှင့် အတူ မျက်နှာဖြူအမျိုးသမီး တစ်ယောက်ကိုလည်း တွေ့ရလေ၏။ စုံထောက်မင်းကြီးက ကျွန်ုပ်တို့ စုံထောက်များနှင့် ဘုရင်ခံကို မိတ်ဆက်ပေးလေ၏။ ပြီးနောက်ဆားပုလင်း မင်းအောင်နှင့် ဘုရင်ခံကို မိတ်ဆက်ပေးပြန်၏။

''သူ့နာမည်က ဆားပုလင်းမင်းအောင်ပါ၊ သူလိုက်တဲ့အမှုမှန်ရင် မပေါ်ရိုးထုံးစံ မရှိသေးပါဘူး၊ မြန်မာပြည်စုံထောက်အဖွဲ့ရဲ့ အတော်ဆုံးစုံထောက် တစ်ယောက်ဖြစ်ပါတယ်''

ဤသို့မိတ်ဆက်ပေးရာတွင် ကျွန်ုပ်တို့စုံထောက်ကျော်များသည် ဘုရင်ခံကို လွန်စွာရိုသေလေးစားဟန်ဖြင့် ဆက်ဆံကြသော်လည်း ဆားပုလင်းမင်းအောင်မှာမူ ဘုရင်ခံနှင့် တွေ့ဆုံခြင်းကို ကာကာကုလားတစ်ယောက်နှင့် တွေ့ဆုံခြင်းမျှသာ သဘောထားလေ၏။

ဘုရင်ခံက ''အင်းစိန်စီအိုင်ဒီက စုံထောက်တွေ အလွန်တော်တယ်လို့ ကျော်ကြားပါတယ်၊ ဒါကြောင့် ဒီအမှုမှာတော့ သင်တို့ရဲ့အစွမ်းကို သိရတော့မှာပဲ၊ ကျွန်ုပ်ဇနီးရဲ့ ပျောက်ဆုံးသွားတဲ့ စိန်လည်ဆွဲကြီးကို အမြန်ရအောင်ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်၊ စိန်လည်ဆွဲကြီးပျောက်ဆုံးမှုကို ကျွန်ုပ်ဇနီးက သင်တို့ကို ရှင်းပြပါလိမ့်မယ်'' ဟုပြောလေ၏။ ဦးပေါ်ဦးက ကျွန်ုပ်၏ အနီးသို့ တိုးကပ်၍ . . .

''ကျုပ်တို့မင်းကြီးပြောတာ ဖြစ်နိုင်တယ်ဗျို့၊ ဘုရင်ခံကြီးကြည့်ရတာ မိန်းမကြောက်ပုံရတယ်'' ဟု ပြောလေ၏။

ထိုအချိန်တွင် ဘုရင်ခံကတော်ကြီးက သူမ၏ စိန်လည်ဆွဲ ပျောက်ဆုံးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြလေ၏။

''ကျွန်မဟာ အင်္ဂလန်ပြည်က မင်းမျိုးမင်းနွယ်ဝင်တစ်ယောက်ပါ၊ မြို့စားရွာစား အနွယ်တော်တစ်ယောက် ပါပဲ၊ ပျောက်ဆုံးသွားတဲ့ စိန်လည်ဆွဲကြီးဟာ (၁၇)ရာစုလောက်က လက်ရာဖြစ်ပြီး အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိပါတယ်၊ ပြီးခဲ့တဲ့ 'ဒါဘာ'ပွဲမှာဝတ်ဆင်ဖို့ မီးခံသေတ္တာထဲကနေ ထုတ်ယူခဲ့ပါတယ်၊ 'ဒါဘာ' ပွဲကြီးပြီးဆုံးသွားတဲ့အခါမှာ မီးခံသေတ္တာထဲမှာ ပြန်မထည့်ဖြစ်သေးဘဲ မှန်တင်ခုံအံဆွဲထဲမှာ သိမ်းထားခဲ့ပါတယ်''

ထိုအချိန်တွင် ဆားပုလင်းမင်းအောင်က ဖြတ်၍ မေးခွန်းထုတ်လေ၏။

''ဘုရင်ခံကတော်ကြီးခင်ဗျာ . . . အံဆွဲထဲမှာ စိန်ဘယက်ကြီး သိမ်းထားတယ်ဆိုတာ ဘုရင်ခံကတော်ကြီးနှင့် အတူ ဘယ်သူသိပါသလဲ''

''ကျွန်မရဲ့ညီမသိပါတယ်၊ ညီမနဲ့သင်တို့ကို မိတ်ဆက်ပေးဖို့မေ့နေတယ်၊ ကျွန်မညီမဟာအင်္ဂလန်ပြည်က လာလည်တာပါ၊ မြန်မာပြည်ကို ရောက်နေတာ (၁)လရှိနေပြီ၊ သူဟာ မြန်မာပြည်ရဲ့ လှပတဲ့ရှုခင်းတွေကို ဓါတ်ပုံရိုက်ဖို့ ရည်ရွယ်ချက်နဲ့ ရောက်လာတာပါ၊ သူဟာ ဘုရင်မကြီးရဲ့နန်းတော်မှာ အကြံပေးအရာရှိလည်း ဖြစ်ပါတယ်၊ သူဟာ ဒီနေ့ညနေမှာ ရေကြောင်းခရီးနဲ့ အိန္ဒိယကို ခရီးဆက်မှာ ဖြစ်ပါတယ်'' ဟုပြောလေ၏ ။

ဘုရင်ခံကတော်ကြီး၏ ညီမဖြစ်သူမှာ ကျွန်ုပ်တို့အားလုံးကို အပြုံးလေးနှင့် နှုတ်ဆက်လိုက်၏ ။ သူမ၏ ဆံပင်အရောင်မှာ ရွှေရောင်ဖြစ်ပြီး လှပသော ပိတ်ပါးဂါဝန် အဖြူကြီးကို ဝတ်ဆင်ထား၏ ။ သူမ၏ အပြာရောင်မျက်လုံးများမှာ ဝိုင်းစက်နေပြီး အလွန်လှလေ၏ ။ မျက်နှာမှာ နူးညံ့၍ ရိုးသားသိမ်မွေ့ဟန် ရှိလေ၏ ။

ဦးပေါ်ဦးက ကျွန်ုပ်၏ အနီးသို့ တိုးကပ်၍ . . .

''ကျုပ်မြင်ဖူးသမျှ မျက်နှာဖြူမတွေထဲမှာတော့ ဒီမိန်းမအလှဆုံးပဲဗျ၊ မျက်နှာလေးက နန်းဆန်ပြီး သိမ်မွေ့တယ်'' ဟုချီးမွမ်းလေ၏ ။

ကျွန်ုပ်လည်း ဦးပေါ်ဦး၏ စကားကို လေးလေးနက်နက် ထောက်ခံမိလေ၏ ။ စုံထောက်ကိုစိန်မြင့်တို့ လူစုမှာ မျက်နှာဖြူမကို မျက်လုံးကျွတ်ထွက်မတတ် ငေးမောနေလေ၏ ။ ဘုရင်ခံကတော်ကြီးက သူ၏ စကားကိုဆက်ပြန်၏ ။

''ဒါဘာပွဲကြီးပြီးလို့ နောက်ရက်အထိ စိန်လည်ဆွဲကြီး ရှိနေပါသေးတယ်။ နောက်(၂)ရက်အကြာမှ ပျောက်ဆုံးသွားတာပါ၊ အိမ်တော် အပေါ်ထပ်ကို ဝင်ထွက်ခွင့်ရတဲ့ မြန်မာလူမျိုး အစေခံ (၉)ယောက်ရှိပါတယ်၊ ကျန်တာတော့ ကျွန်မတို့မိသားစုပါပဲ၊ ဒီအပြင်လူတွေ အိမ်တော်ထဲက အခန်းတွေကို ဝင်ထွက်ခွင့်မရှိပါဘူး၊ သင်တို့စစ်ဆေးဖို့အတွက် အစေခံ(၉)ယောက်ကို

ခေါ်ခိုင်းထားပါတယ်''

ခဏအကြာတွင် အစေခံ(၉)ယောက် ရောက်ရှိလာပြီး ကျွန်ုပ်တို့စုံထောက်များ၏ ရှေ့တွင် တန်းစီ၍ ရပ်ကြလေ၏။ ကျွန်ုပ်က ဦးပေါ်ဦးအား

''ဦးပေါ်ဦးရေ . . . ဒီလူတွေထဲက တစ်ယောက်ယောက်တော့ ကျိန်းသေပဲဗျ'' ဟု ဆိုလိုက်လေရာ ဦးပေါ်ဦးက . . .''အတော်တော်တဲ့ စုံထောက်ပဲ၊ ဒါတော့ ခင်ဗျားပြောမှလားဗျ၊ ကျုပ်လည်းသိတာပေါ့''ဟု ဘုကျကျ ပြန်လည်ပြောဆိုလေ၏။

ထိုစဉ် စုံထောက်ကိုစိန်မြင့်သည် ဘုရင်ခံကတော်၏ ရှေ့သို့ထွက်ကာ ဒူးထောက်လုမတတ် ဦးညွတ်လိုက်ပြီး လွန်စွာ ထော့ကျိုးထော့ကျိုးနိုင်လှသော အင်္ဂလိပ်စကားဖြင့် ''သခင်မရဲ့ စိန်ဘယက်ကြီးကို မြန်မာအစေခံ တစ်ယောက်ယောက်ခိုးမှာ သေချာပါတယ်၊ ကျွန်တော်မျိုးတို့ကိုယ်တိုင် ရိုက်နှက်ပြီးစစ်ဆေးလိုက်ရင်ပေါ်မှာပါ သခင်'' ဟု ဆိုလိုက်လေရာ အင်္ဂလိပ်စကားကို ကောင်းစွာနားလည်ကြသော အစေခံများမှာ မျက်နှာပျက်၍ သွားလေ၏။

ဘုရင်ခံကတော်ကြီးက . . .''သင်တို့ ကောင်းသလိုသာ စီစဉ်ကြပါ'' ဟု ပြောလိုက်လေ၏။

ထိုအခါ စုံထောက်ကိုစိန်မြင့်တို့ လူစုသည် မြန်မာအစေခံ (၉)ယောက်အား အမျိုးမျိုးအဖုံဖုံ စစ်ဆေးလေတော့၏။ ဆားပုလင်းမင်းအောင်မှာမူ စိန်ဘယက်ကြီး ပျောက်ဆုံးသွားသော အိပ်ခန်းကို ကြည့်ချင်သည်ဆို၍ ဘုရင်ခံကတော်၏ ညီမဖြစ်သူ မိန်းမလှလေးက လိုက်လံပြသလေ၏။

ထိုအခြင်းအရာကိုကြည့်၍ ဦးပေါ်ဦးက . . .

''ကိုမင်းအောင်တော့ ပွတာပဲဗျ၊ ဒီလိုမှန်းသိရင် ကျုပ်လည်းကြည့်ချင်တယ်လို့ ပြောမှာပေ့ါဗျာ'' ဟု ဆိုလိုက်ရာ ကျွန်ုပ်က . . .

''မနာလိုမရှိနဲ့ဗျ . . . သူ့ကုသိုလ်နဲ့သူဖြစ်တာ၊ ကိုမင်းအောင်လိုက်ပြခိုင်းတာ အကြောင်းရှိပုံရတယ်ဗျ''

ဟု ပြန်ပြောလိုက်လေ၏။ ခဏကြာလျှင် ဆားပုလင်းမင်းအောင် ပြန်ရောက်လာ၏။ ထိုအခါ စုံထောက်မင်းကြီးက ဆားပုလင်းမင်းအောင်အား . . .

''အမှုအခြေအနေ ဘယ်လိုရှိသလဲ ဆားပုလင်းမင်းအောင်''

ဟု မေးမြန်းလိုက်ပြီး စုံထောက်မင်းကြီးကပင် ဆက်လက်၍ . . .

''ကျွန်ုပ်အထင်တော့ မြန်မာအစေခံ(၉)ယောက်ထဲက တစ်ယောက်ယောက်တော့ သေချာပါတယ်''

ဟု ပြောလိုက်ရာ ဆားပုလင်းမင်းအောင်က . . .

''အမှုအခြေအနေကို တိတိကျကျတော့ မပြောနိုင်သေးဘူးမင်းကြီး . . . ဒါပေမဲ့ သံသယ ရှိတဲ့သူတွေထဲမှာတော့ မြန်မာအမှုထမ်းတွေသာမက အင်္ဂလိပ်လူမျိုးတွေပါ ထည့်သွင်းစဉ်းစားရမှာပဲ''

ဟု ဆိုလိုက်ရာ စုံထောက်မင်းကြီးသည် မျက်နှာကွက်ခနဲပျက်သွားပြီး ဘုရင်ခံကတော်ကြီးကို လှမ်းကြည့်လိုက်လေ၏။ ဘုရင်ခံကတော်ကြီးမှာလည်း မျက်နှာတင်းမာသွားပြီး . . .

''ဒီမှာ ဆားပုလင်းမင်းအောင် . . . သင်သံသယရှိတဲ့သူထဲမှာ ကျွန်မညီမလည်း ပါဝင်တယ်လို့ ဆိုလိုတာလား၊ ကျွန်မညီမဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ဖြစ်တယ်''

ဟုပြောလိုက်ရာ ဆားပုလင်းမင်းအောင်က ဘုရင်ခံကတော်ကြီးကို မခိုးမခန့် ကြည့်၍ . . .

''တရားခံကို ကွဲကွဲပြားပြားမပြောနိုင်သေးခင်မှာ အစေခံဖြစ်စေ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းဖြစ်စေ၊ သံသယ တရားခံစာရင်းမှာ

ထည့်သွင်းစဉ်းစားရမှာပဲ''ဟု ရဲဝံ့စွာ ပြန်လည်ပြောကြားလေ၏။

ကျွန်ုပ်တို့မှာ ဆားပုလင်းမင်းအောင်အစား ရင်ထိတ်သွားလေ၏။ ဘုရင်ခံကတော်ကြီးကိုပင် ရဲရဲဝံ့ဝံ့ ပြန်ပြောဝံ့သော ဆားပုလင်းမင်းအောင်၏ သတ္တိကိုလည်း မချီးကျူးဘဲ မနေနိုင်တော့ပေ။ ကိုမင်းအောင်အစား မျက်နှာဖြူမိန်းမချောလေးကို ကျွန်ုပ်က မျက်နှာပူမိသေးတော့၏။ စုံထောက်ကိုတင်လှက ဘုရင်ခံကတော်ကြီး ရှေ့တွင် ဦးညွှတ်၍ . . .

''အလွန်အဆင့်အတန်းမြင့်တဲ့ အင်္ဂလိပ်လူမျိုးတွေဟာ ဒီလိုအလုပ်မျိုးကို လုပ်မှာမဟုတ်ပါဘူး သခင်မ၊ စိန်ဘယက်ကြီးကို ခိုးမဲ့ခိုးရင် ကျွန်တော်မျိုးတို့ မြန်မာတွေပဲခိုးမှာပါ'' ဟူ၍ မြန်မာတစ်မျိုးသားလုံးကို နှိမ့်ချသော စကားကို မရှက်မကြောက်ပြောလိုက်လေ၏။

ဆားပုလင်းမင်းအောင်သည် ကိုတင်လှအား ရွံ့ရှာစွာကြည့်ရင်း . . .

''ဒီမှာကိုတင်လှ . . . ခင်ဗျားလိုလူမျိုးတွေရှိနေသရွေ့တော့ ကျုပ်တို့မြန်မာတွေ ကျွန်သက်ရှည်ဦးမှာပဲ'' ဟု စိတ်ပျက်စွာ ပြောဆိုလေ၏။

ထိုအခါ မျက်နှာဖြူ မိန်းမချောလေးသည် ထိုင်ရာမှထရပ်လိုက်ပြီး . . .

''အလွန်အင်မတန် သာယာလှပတဲ့ မြန်မာနိုင်ငံကို ကျွန်မ ရောက်တုန်းရောက်ခိုက်မှ ဒီလိုအမှုမျိုးနဲ့ ကြုံတွေ့ရတာ ကျွန်မ ဝမ်းနည်းမိပါတယ်၊ မှုခင်းဖြစ်ပွားတဲ့ အချိန်မှာ အနီးအနားရှိနေသူဟာ သံသယတရားခံ ဖြစ်နိုင်ပါတယ်၊ သံသယတရားခံ စာရင်းမှာ ကျွန်မကို ထည့်သွင်းနိုင်ပါတယ်၊ ကျွန်မ စိတ်ဆိုးစရာ မရှိပါဘူး၊ ဒါပေမဲ့ ဒီနေ့ညနေ(၄)နာရီ ထွက်မဲ့သင်္ဘောနဲ့ အိန္ဒိယကိုလိုက်ဖို့ စီစဉ်ပြီးပါပြီ၊ ဒါကြောင့် အချိန်ရှိခိုက်မှာ လူကြီးမင်းတို့ ကျွန်မကို စစ်မေးကြပါ'' ဟု စိတ်သဘောထား ပြည့်ဝစွာဖြင့် ပြောဆိုရှာ၏။

ကျွန်ုပ်တို့ စုံထောက်များမှာ ကိုမင်းအောင်အစား မိန်းကလေးကို အားတုံ့အားနာ ဖြစ်မိလေ၏။

ထိုအချိန်တွင် အစေခံတစ်ယောက်က မိန်းမလှလေး၏ အဝတ်အစားသေတ္တာကို သယ်ယူလာရာ မိန်းမလှလေးက လှည့်ကြည့်ပြီး . . .

''ဒါ ကျွန်မရဲ့ အဝတ်အစားသေတ္တာပါ၊ ဖွင့်ပြီးစစ်ဆေးကြည့်လိုက်ပါဦး၊ ဒါမှ ကျွန်မအပေါ် သံသယရှင်းသွားမှာပါ''

ဟု ဆိုကာ သေတ္တာကြီးကို မနိုင်မနင်းဆွဲ၍ ဆားပုလင်းမင်းအောင်၏ ရှေ့သို့တိုးပေးလိုက်ရာ သေတ္တာကြီးမှာ လေးလွန်းလှသဖြင့် ယိမ်းယိုင်သွားပြီး ကိုမင်းအောင်က သူမ၏ ခန္ဓာကိုယ်လေးကို ထိန်းပေးလိုက်ရ၏ ။

ဆားပုလင်းနှင်းမောင်က . . .''မရှာတော့ပါဘူး လေဒီ၊ သေတ္တာထဲမှာ ဘာမှမရှိဘူးဆိုတာ ကျွန်တော် ယုံကြည်ပါတယ်'' ဟု အားတုံ့အားနာဟန်ဖြင့် ဆိုလိုက်လေ၏ ။ ဘုရင်ခံကတော်ကြီးကလည်း . . .

''အို . . . ဘာလို့ရှာရမှာလဲ၊ ညီမလေးကို အစ်မယုံပါတယ်၊ တို့က ညီအစ်မ အရင်းတွေပဲ ဥစ္စာ၊ စိန်ဘယက်ခိုးမဲ့ခိုး မြန်မာအစေခံတွေပဲ ခိုးမှာပေါ့'' ဟု ဝင်ရောက်ပြောဆိုလေ၏ ။

မိန်းမလှလေးကမူ . . .''အစ်မတို့ယုံတယ်ဆိုတာ သိပါတယ်ရှင်၊ ဒါပေမဲ့ ဟော့ဒီက စုံထောက်ကြီးတွေ သံသယရှင်းသွားအောင် ကျွန်မဖွင့်ပြချင်ပါတယ်''

ဟု ဆိုကာ အစေခံများကိုခေါ်ယူ၍ သူမ၏ သေတ္တာတွင်းမှ ပစ္စည်းများကို ထုတ်ယူစေ၏ ။ ထိုအခါ မိန်းကလေး အသုံးအဆောင်ပစ္စည်းများ၊ ဂါဝန်များ၊ အတွင်းခံအကျႌများကို ကျွန်ုပ်တို့ စုံထောက်ကျော်များသည် မျက်နှာပူပူနှင့် ကြည့်နေရလေ၏ ။ သေတ္တာထဲတွင် မည်သည့်စိန်ထည်ပစ္စည်းမျှ မတွေ့ရပေ။ သူမကပြုံး၍ . . .

''လူကြီးမင်းတို့ စိတ်ကျေနပ်ပြီဆိုလျှင် ကျွန်မ သဘော်ဆိပ် ဆင်းပါတော့မယ်''

ဟု ပြောလေ၏။ အစေခံများသည် မိန်းမလှလေး၏ အဝတ်အစားများကို သေတ္တာတွင်းသို့ ပြန်ထည့်ပေးလေ၏။ စုံထောက်မင်းကြီးကမူ ဆားပုလင်းမင်းအောင်ကို လှောင်ပြောင်သလို ကြည့်၍ . . .

''ဘယ်လိုလဲဆားပုလင်းမင်းအောင် . . .ဂုဏ်သရေရှိမိန်းမတစ်ယောက်ထံမှာပဲ အချိန်ဖြုန်းတော့မှာလား၊ အစေခံတွေကို မစစ်ဆေးတော့ဘူးလား''ဟု မေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က မင်းကြီးအမေးကို မဖြေသေးဘဲ ဂျွန်ပလေးယားမှတ်ဆိတ် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်ပြီး . . .

''အစေခံတွေကို စစ်ဆေးစရာ မလိုတော့ဘူး မင်းကြီး . . . တရားခံကို ကျုပ် ယခုဖမ်းပေးပါ့မယ်'' ဟု ဆိုလိုက်ရာ စုံထောက်မင်းကြီးက 'အိုးဂေါ့'ဟု ရေရွတ်လိုက်သည်။

အိမ်အတွင်းရှိလူများအားလုံး မျက်လုံးပြူးသွားလေ၏။ ကျွန်ုပ်တို့အားလုံး၏ အကြည့်သည် ဆားပုလင်းမင်းအောင်ထံတွင်သာ ရောက်ရှိနေလေ၏။ ဘုရင်ခံနှင့် ဘုရင်ခံကတော်ကြီးကမူ မယုံသင်္ကာဟန်ဖြင့် ကြည့်နေလေ၏။

စုံထောက်ကိုစိန်လှက . . .''ဒီမှာ ဆားပုလင်းမင်းအောင် . . . ဒါမျိုးတွေ ရိုးနေပြီဗျ၊ စတန့်ထွင် မနေစမ်းပါနဲ့ဗျာ၊ နောက်ဆုံးတော့ အစေခံတွေ ခိုးတယ်ပြောဦးမလို့လားဗျ၊ အစေခံတွေ ခိုးတယ်ဆိုတာ ကျုပ်တို့သိထားပြီးသားဗျ'' ဟု လွန်စွာ အမြင်ကပ်ဖွယ်ကောင်းသော အမူအရာဖြင့် ပြောလေ၏။ မျက်နှာဖြူမိန်းမလှလေးမှာ ကိုမင်းအောင်က တရားခံဖမ်းပေးမည်ဆိုသဖြင့် စိတ်ဝင်စားစွာ ကြည့်လိုက် လေ၏။ ဆားပုလင်းမင်းအောင်သည် မိန်းကလေး၏ အနီးသို့ တိုးကပ်သွားပြီး သူမ၏ ပုခုံးတစ်ဖက်ကို ဆွဲလှည့်ကာ ဂါဝန်ရှည်ကြီးကို ကျောလယ်သို့ရောက်အောင် 'ဗြဲ'ခနဲ ဆွဲဖြဲပစ်လိုက်ပြီး ဂါဝန်အတွင်းသို့ လက်ဖြင့်နှိုက်လိုက်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်၏ လက်ထဲတွင် အရောင်ပြိုးပြိုးပြက်ပြက် ဝင်းလက်နေသော စိန်ဘယက်ကြီးကို တွေ့လိုက်ရပြီး ကျွန်ုပ်တို့အားလုံး 'ဟာခနဲ' 'ဟင်ခနဲ' ဖြစ်သွားလေ၏ ။

ဆားပုလင်းမင်းအောင်သည် အနီးရှိ ပုဝါတစ်ခုကို ယူဆောင်၍ မိန်းမလှလေးအား လှမ်းခြုံပေးလိုက်ရင်း . . . ''ခွင့်လွှတ်ပါလေဒီ။ ဒီလိုမလုပ်ရင် လက်ပူးလက်ကြပ် ဖမ်းဆီးဖို့မလွယ်လို့ပါ'' ဟု တောင်းပန်လိုက်လေ၏ ။

မျက်နှာဖြူမိန်းမသည် ဆိုဖာပေါ်တွင် ထိုင်၍ ရှိုက်ကြီးတငင် ငိုကြွေးနေရှာ၏ ။ ဘုရင်ခံကတော်ကြီးက စိန်လည်ဆွဲကြီးကို ကိုင်၍

''ဖြစ်မှဖြစ်ရလေ ညီမရယ်၊ စိန်လည်ဆွဲကို လိုချင်ရင် ငါ့ကိုတောင်းပါလား၊ အစ်မပေးမှာပေါ့''ဟု တတွတ်တွတ် ရေရွတ်နေရှာ၏ ။ ဆားပုလင်းမင်းအောင်က လူများဖက်သို့ လှည့်၍ . . .

''ကျွန်တော်ဟာ အိမ်တော်ပေါ်ကို ရောက်ရောက်ချင်း စိန်ဘယက်ကြီးပျောက်ဆုံးမှုရဲ့ တရားခံဟာ ဘယ်သူဆိုတာ သိလိုက်ပါတယ်၊ ဒီလိုသိလိုက်ခြင်းဟာ အမျိုးသမီးရဲ့လက်မှာ ဝတ်ဆင်ထားတဲ့ အနက်ရောင်ကျောက်သား လက်စွပ်လေးကြောင့်ပါပဲ၊ ဒီလက်စွပ်လေးဟာ အနက်ရောင်ကျောက်သားပေါ်မှာ အဖြူရောင်မျှော်စင်ပုံ ရေးဆွဲထားပါတယ်၊ ဒီလက်စွပ်ဟာ (The Tower)မျှော်စင် အသင်းအဖွဲ့ကြီးရဲ့ အထိမ်းအမှတ်ပါ၊ (The Tower) အသင်းကြီးဟာ ဥရောပတိုက်မှာတော့ ရေးဟောင်းရတနာပစ္စည်းတွေ စုဆောင်းတဲ့ အသင်းကြီးဖြစ်ပါတယ်။

အမျိုးသမီးဟာ မျှော်စင်အသင်းဝင် ဖြစ်တဲ့အတွက် (၁၇)ရာစု လက်ရာစိန်ဘယက်ကြီးကို ခိုးယူရခြင်း ဖြစ်ပါတယ်၊ စိန်ဘယက်ကြီးကို ခိုးယူပြီးတာနဲ့ အမျိုးသမီးဟာ ကိုယ်နဲ့မကွာအောင် ဆောင်ထားပါတယ်၊ သူမရဲ့ အဝတ်အစားသေတ္တာတို့ ဘာတို့မှာ ဝှက်ထားမယ်ဆိုရင် လုံခြုံစိတ်ချမှုမရှိပါဘူး၊

မြန်မာပြည်မှာလည်း သူမတစ်ယောက်တည်း လှုပ်ရှားရတဲ့အတွက် စိန်ဘယက်ကြီးကို လက်ပြောင်းလက်လွှဲ ပြုလို့မရပါဘူး၊ ဒီအမျိုးသမီး မြန်မာပြည်ကိုလာခဲ့ခြင်းဟာ စိန်ဘယက်ခိုးယူဖို့ ရည်ရွယ်ချက်ကြောင့်ပဲ ဖြစ်တယ်၊ ဒါကြောင့် 'ဒါဘာ' ပွဲအမီ ရောက်လာခဲ့တာပါပဲ၊ အမျိုးသမီးဟာ သူမကို သံသယမဖြစ်အောင် ကာကွယ်တဲ့အနေနဲ့ လက်ဆွဲသေတ္တာကြီးကို ဖွင့်ပြခဲ့ပါတယ်၊ ကျွန်တော်ဟာ သူမရဲ့ခန္ဓာကိုယ်မှာသာ စိန်ဘယက်ကြီး ရှိနေမယ်လို့ ယုံကြည်ထားပါတယ်၊ ဒါပေမဲ့ တိတိကျကျတော့ မသိနိုင်သေးပါဘူး၊ ဒါပေမဲ့ ကံကောင်းချင်တော့ မကြာသေးခင်က သူမဟာ လက်ဆွဲသေတ္တာကြီးကို မနိုင့်တနိုင် မ လိုက်တဲ့အတွက် သူမရဲ့ ခန္ဓာကိုယ်လေးဟာ ယိမ်းယိုင်သွားပါတယ်၊ ကျွန်တော်ဟာ သူမရဲ့နောက်ကျောကို ဖေးမပေးလိုက်ရင်း လက်နဲ့စမ်းသပ်ကြည့်တဲ့အခါ စိန်ဘယက်ကြီးကို စမ်းမိလိုက်တာပါပဲ၊ ဒါကြောင့်လည်း အခုလို တရားခံကို လက်ပူးလက်ကြပ် ဖမ်းမိလိုက်တာပါပဲ'' ဟူ၍ တရားခံ မျက်နှာဖြူမိန်းမအား ဖမ်းဆီးလိုက်ပုံကို ရှင်းလင်းပြလေ၏ ။

ကိုမင်းအောင်၏ စကားဆုံးသောအခါ ဧည့်ခန်းဆောင်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏ ။ ထူးခြားသည်မှာ စုံထောက်မင်းကြီးနှင့် ပုလိပ်မင်းကြီးသည် ဆားပုလင်းမင်းအောင်ကို ကွန်ကရက်ကျူလေးရှင်း မလုပ်ကြခြင်းပင်ဖြစ်၏ ။

စုံထောက် ကိုစိန်မြင့်တို့လူစုမှာ မျက်စိမျက်နှာပျက်၍ အိမ်တော်ပေါ်မှ ဆင်းသွားလေ၏ ။ ဦးပေါ်ဦးကမူ . . . ''တော်ပါပေတယ် ကိုမင်းအောင်ရယ် . . . ကျုပ် လှိုက်လှိုက်လှဲလှဲကြီးကို ချီးကျူးပါတယ်ဗျာ၊ ဒီနေ့ည 'ဂင်ဇာဟိုတယ်'မှာ ညစာကျွေးပါရစေ''

ဟု ချီးမွမ်းလေ၏ ။ ကျွန်ုပ်ကမူ တသိမ့်သိမ့် ရှိုက်ငိုနေသော မျက်နှာဖြူ မိန်းမချောလေး၏ မျက်နှာကိုသာ မြင်ယောင်နေမိလေ၏ ။ ထိုနေ့ညစာကို ဦးပေါ်ဦးက ဂင်ဇာဟိုတယ်တွင် တရုတ်စာဖြင့် ကျွေးမွေးဧည့်ခံလေ၏ ။

ညစာစားရင်း ဦးပေါ်ဦးက . . .

''ကိုမင်းအောင် မျက်နှာဖြူမရဲ့ ဂါဝန်ကို ဆွဲဆုတ်ပြီး စိန်ဘယက်ကြီး နှိုက်ယူလိုက်ပုံကို မျက်လုံးထဲကမထွက်ဘူးဗျာ''

ဟုပြောလိုက်ရာ ကျွန်ုပ်က . . . ''ဦးပေါ်ဦးကတော့ လုပ်ပြီ''

''မဟုတ်ပါဘူးဗျာ . . . ကိုစိန်မြင့်တို့လူစုက မြန်မာတစ်မျိုးသားလုံးကို နှိမ့်ချစော်ကားနေချိန်မှာ ကိုမင်းအောင်က မျက်နှာဖြူမကို တရားခံအဖြစ် ဖမ်းဆီးပေးလိုက်ပုံကို အားရလွန်းလို့ပါဗျာ၊ မျက်နှာဖြူမင်းကြီးတွေဆိုရင် ကိုမင်းအောင်ကို ချီးကျူးစကားတောင် မပြောနိုင်ဘူးဗျ၊ မျက်စိမျက်နှာ ပျက်နေတာပဲ'' ဟု အားရပါးရပြောလေ၏။

ဆားပုလင်းမင်းအောင်က . . .'' ဒီမိန်းမရဲ့ ရုပ်လက္ခဏာ ကြည့်ရတာ တော့ အကျင့်စာရိတ္တ ညံ့ဖျင်းမဲ့အမျိုး မဟုတ်ဘူးဗျ၊ သူ့ခမျာ The Tower အဖွဲ့ဝင်ဖြစ်နေတော့ ရှေးဟောင်း ရတနာပစ္စည်းတွေကို လျှို့ဝှက်ရှာဖွေ စုဆောင်းရတာ ပေါ့ဗျာ'' ဟူ၍ သာပြောဆိုလေ၏။

x x x